**ဒုတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ''ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်လေ့လာခဲ့သည့် ဖွံ့ဖြိုးရေးခရီးစဉ် အစီရင်ခံစာ''**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ သွားရောက်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ''ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ နာဂဒေသဖွံ့ဖြိုးရေးခရီးစဉ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကျွန်တော် ဦးညီညီဟန်မှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ယခုအစီရင်ခံစာကို (၁၃.၃.၂၀၁၈)ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ အစီရင်ခံစာ တင်သွင်းခြင်းဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးညီညီဟန်နှင့် အဖွဲ့ဝင်များဖြစ်သော ဦးဝင်းမြင့်၊ ဦးဇော်ထက်တို့သည် (၂၅-၂-၂၀၁၈) ရက်နေ့တွင် မုံရွာမြို့မှ ထွက်ခွာ၍ လဟယ်မြို့သို့ ညပိုင်းတွင်ရောက်ရှိပါတယ်။ (၂၆-၂-၂၀၁၈) ရက်နေ့တွင် အိန္ဒိယနယ်စပ်ရှိ ဆော်လော်ကျေးရွာနှင့် ပုံညိုနောက်ကုန်းကျေးရွာသို့ သွားရောက်၍ ဒေသခံများနှင့် တွေ့ဆုံပါတယ်။ (၂၇-၂-၂၀၁၈) ရက်နေ့တွင် နန်းယွန်းမြို့နယ်၊ ရန်စီကျေးရွာသို့ သွားရောက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် သွားရောက်တွေ့ဆုံဆွေးနွေး ခဲ့ပါသည်။ (၂၈-၂-၂၀၁၈)ရက်နေ့တွင် နာဂဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများ၊ လဟယ်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ ဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။ (၁-၃-၂၀၁၈)ရက်နေ့တွင် မုံရွာမြို့သို့ ပြန်လည် ရောက်ရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**

နာဂဒေသတွင် အဓိကလမ်းမကြီးတစ်ခုသာရှိပြီး ၎င်းလမ်းမှာ ဆင်သေ-လဟယ်-နန်းယွန်း လမ်း (၁၅၄)မိုင် ဖြစ်ပါတယ်။ လမ်းအထူးအဖွဲ့ (၁၉)မှ ဒုတိယ ညွှန်ကြားရေးမှူးတစ်ဦးမှ ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ နာဂဒေသသည် သက်နုတောင်များဖြစ်၍ မိုးတွင်းကာလတွင် တောင်များပြို၍ လမ်းပိတ်ဆို့မှု မကြာခဏ ဖြစ်ပေါ်လေ့ရှိပါတယ်။ မိမိတို့သွားရောက်သော ပွင့်လင်းရာသီတွင်ပင် တောင်ပြိုထား၍ ကားဖြင့်ဆက်မသွားနိုင်ဘဲ ဆိုင်ကယ်ဖြင့် ခရီးဆက်ရ ပါတယ်။ ကျေးလက်နှင့် ၎င်းကားလမ်းမကြီးသို့ ဆက်သွယ်ရာလမ်းများကို (န.တ.လ)နှင့် ကျေးလက်လမ်းဦးစီးဌာနတို့မှ ဘတ်ဂျက်လုပ်ငန်းလျာထားရာတွင် လုပ်ငန်းထပ်ခြင်းများ ကြုံတွေ့ ခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။ ၎င်းဌာန(၂)ခုကို လမ်းမိုင် မည်မျှအထက်/အောက်စသည့်ဖြင့် ခွဲခြားစေခြင်း၊ တံတားပေအရှည် အထက်/အောက်ခွဲခြားစေခြင်းများ သတ်မှတ်ပြုလုပ်သင့်ပါတယ်။ လဟယ်မြို့နယ်တွင် မြေသားလမ်းမကြီး(၃)ခုရှိပြီး ၎င်းတို့မှာ (၁)လန်ထိန်လမ်းခွဲ-ယမ်းကြုံး-

လုံဝသိခ် လမ်း(၄၆)မိုင်၊ (၂) လောင်ငေါက်-ထန်ပါခွေလမ်း(၅၃)မိုင်၊ (၃) လဟယ်-ဆော်လော်-ပုံညိုလမ်း(၄၇)မိုင်တို့ဖြစ်ပါတယ်။ လဟယ်-ဆော်လော်-ပုံညို လမ်းသည် လဟယ်မြို့နှင့် အိန္ဒိယနိုင်ငံသို့ ဆက်သွယ်သည့်အဓိကလမ်း ဖြစ်ပါ တယ်။ ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါက ဒေသ အတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်မြှင့်မားနိုင်ပြီး လဟယ်မြို့သည်လည်း ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါတယ်။

လဟယ်မြို့နယ်တွင် အိန္ဒိယနိုင်ငံအထောက်အပံ့ဖြင့် လဟယ်-လောင်ကျန်း- နောက်ကုန်း-တိုက်ရံလမ်း(၆.၂)မိုင်၊ တိုက်ရံ-လန်ထိန် လမ်းခွဲ(၂.၂)မိုင်၊ ဝေလံ-ပုန်ညိုလမ်း(၆.၂)မိုင်၊ ခါးလယ်-နန်ပုတ်ချောင်း(၆.၂)မိုင်တို့ ဖောက်လုပ်ရန် ရှိသည်ဟုသိရှိရပါတယ်။ မိမိတို့ခရီးစဉ်အတွင်း ဆော့လော်ကျေးရွာ ဒေသခံလူထုနှင့် တွေ့ဆုံရာတွင် ဆော့လော်စော်ဘွားမှ ''လူကြီးများ လာရောက်တိုင်း တင်ပြတောင်းဆိုသော်လည်း တစ်ကြိမ်တစ်ခါမှ မရရှိဖူးကြောင်း''နှင့် ပုံညို ကျေးရွာတွေ့ဆုံပွဲတွင် ဝေးလံကျေးရွာခေါင်းဆောင်တစ်ဦးမှ ''ဆိုရှယ်လစ်ခေတ်မှ ယနေ့အချိန်ထိ မည်သည့်လူကြီးမှ မလာရောက်သလို၊ မည်သည့်အကျိုးကျေးဇူးမျှ မရရှိဖူးကြောင်း'' တင်ပြ ကြပါတယ်။ လမ်းလုပ်ငန်းများ ချပေးပါကလည်း ငွေလုံးငွေရင်းဖြင့် ထိထိရောက်ရောက် ဆောင်ရွက်မှသာ အကျိုးရှိမည်ကို တွေ့ရှိ သုံးသပ်ရပါတယ်။ နာဂဒေသအတွက် လျာထားသော ဘတ်ဂျက်လုပ်ငန်းများကို လွှတ်တော်အနေဖြင့် ဖြတ်တောက်ပယ်ဖျက်ခြင်း မပြုကြပါရန် (၂၈-၂-၂၀၁၈) ရက်နေ့တွေ့ဆုံပွဲတွင် ဒေသမှ မေတ္တာရပ်ခံတောင်းဆိုခဲ့ကြောင်းကိုလည်း သိရှိနိုင် ပါရန် တင်ပြလိုပါတယ်။

လေရှီးမြို့နယ်တွင် အိန္ဒိယနှင့်ဆက်သွယ်သောလမ်းမှာ လေရှီး-ဆွမ္မရာ-တဇွန်းလမ်း (၄၅.၆)မိုင်ဖြစ်ပြီး လမ်းအဆင့်မြှင့်တင်ပေးရန် လိုလားလျက်ရှိနေကြ ပါတယ်။ လေရှီး-ချယ်ရာ-အဝခွန် (၁၅)မိုင်လမ်းကိုလည်း အဆင့်မြှင့်တင်ပေးရန် ဒေသကိုယ်စားလှယ်မှ တင်ပြ ဆွေးနွေး ပါတယ်။ နန်းယွန်းမြို့နယ်တွင် အိန္ဒိယနှင့်ဆက်သွယ်သောလမ်းမှာ နန်းယွန်း-ပန်ဆောင် (၃၅.၅)မိုင် ဖြစ်ပြီး ကျောက်ချောလမ်း အပြီးသတ်ဆောင်ရွက်ပေးသင့်ကြောင်းနှင့် နန်းယွန်း-ရှင်ဗွေ ယန်လမ်း (၁၆)မိုင်ကိုလည်း လမ်းအဆင့်မြှင့်တင်သင့်ပါကြောင်း အကြံပြု တင်ပြ ပါတယ်။

**ဆက်သွယ်ရေးကဏ္ဍ**

နာဂဒေသတွင် မြို့ပေါ်များတွင်သာ တယ်လီဖုန်းသုံးစွဲနိုင်ပြီး ကျေးလက် တောင်ပေါ် ဒေသများတွင် မသုံးနိုင်ပါ။ နာဂဒေသ၏ ထူးခြားချက်မှာ ကျေးရွာအများစုသည် အိန္ဒိယနိုင်ငံနှင့် နီးစပ်သောဒေသဘက်အခြမ်းများတွင် တည်ရှိပြီး ရုံးစိုက်ရာမြို့များမှာ မြန်မာနိုင်ငံအတွင်းဖက် ကျကျတွင် တည်ရှိပါတယ်။ မြို့ပေါ်များတွင် လက်ရှိအသုံးပြုနေသောစနစ်မှာ ဂြိုလ်ထုမှဖမ်းယူသော I.P. Star စနစ်ဖြစ်ပြီး (2G)သာ အသုံးပြုနိုင်သည့်အတွက် အင်တာနက်လိုင်း အသုံးပြု နိုင်ခြင်း မရှိသေးပါ။ ဆက်သွယ်ရေးကောင်းမွန်ပြီး အင်တာနက်လိုင်းများ အသုံးပြုနိုင်ပါက ဒေသအတွင်းရှိ

ဒေသခံများအပြင် နိုင်ငံ့ဝန်ထမ်းများလည်း ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်မည်ဟု လဟယ်မြို့နယ် အုပ်ချုပ်ရေးမှူးမှ အကြံပြုပါတယ်။

## ဆောက်လုပ်ရေးကဏ္ဍ

ဆောက်လုပ်ရေးကဏ္ဍတွင် နာဂဒေသအတွက် ကြီးမားသောအခက်အခဲမှာ မြေပြန့်ဒေသနှင့် တန်းတူဘတ်ဂျက်ချထားပေးမှုဖြစ်ပါတယ်။ ဒုတိယသမ္မတ ဦးမြင့်ဆွေခရီးစဉ်တွင် ''ပညာရေး/ ကျန်းမာရေး/ န.တ.လလုပ်ငန်းများကို ဒေသပေါက်ဈေးနှင့် တင်ရန်''ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါတယ်။ ပညာရေး၊ ကျန်းမာရေးအဆောက်အဦးများကို ဆောက်လုပ်ရေးဌာနသို့ တာဝန်ပေး လုပ်ကိုင်စေသော်လည်း ဌာနမှလုပ်ဆောင်ခြင်းမပြုဘဲ ပြင်ပဆပ်ကန်ထရိုက်ဖြင့်သာ လုပ်ဆောင်စေသည်ဟု သိရှိရပါတယ်။ န.တ.လဌာနတွင် အင်ဂျင်နီယာမရှိ၍ လုပ်ငန်းတွက်ချက်တင်ပြမှုများတွင် အားနည်းချက်များ၊ မှားယွင်းမှုများရှိနိုင်ပါ၍ ဌာနသို့ အင်ဂျင်နီယာချထားပေးသင့်ကြောင်း တင်ပြလာပါတယ်။ အခြားသော အခက်အခဲတစ်ခုမှာ ငွေထုတ်ယူခွင့်ဖြစ်သည်ဟု (၂၈-၂-၂၀၁၈)တွေ့ဆုံပွဲတွင် တင်ပြကြပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မိုးများဒေသဖြစ်၍ လုပ်ငန်းလုပ်ဆောင်နိုင်သည့်အချိန်မှာ ဒီဇင်ဘာလမှ မတ်လအထိ (၄)လသာ ရှိခြင်း၊ အရစ်ကျငွေထုတ်ယူခွင့်တင်ရာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဆင့်ဆင့်တင်ပြနေရခြင်းတို့ကြောင့် လုပ်ငန်းကြန့်ကြာမှုများနှင့် အချိန်လု လုပ်ဆောင်ရ၍ အရည်အသွေးမမီခြင်းများရှိနေကြောင်း တင်ပြကြပါတယ်။

## အကြံပြုချက်များ

(၁) နာဂဒေသနှင့် အိန္ဒိယနိုင်ငံသို့ ဆက်သွယ်သောလမ်းများကို ရာသီမရွေး သွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသင့်ပြီး လမ်းပျက်စီး မှုများဖြစ်ပေါ်ပါက ပြင်/ထိန်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုပါတယ်။

(၂) ဆက်သွယ်ရေး ပြတ်တောက်ပြီး ရိက္ခာပြတ်လပ် တတ်သည့် နေရာဒေသများသို့ မိုးမကျမီကာလမှစ၍ ရိက္ခာစုပုံနိုင်ရေး ကြိုတင် စီမံချက်ရေးဆွဲနိုင်ရေး အကြံပြုပါတယ်။

(၃) စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ပွဲတော်ရှိသည့်ကာလတွင်သာမက အခြားအချိန်များတွင်လည်း တောင်ပေါ် ကျေးလက်နေပြည်သူများ၏ ပကတိဘဝအခြေအနေအမှန်ကို ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းပေးသင့်ကြောင်း အကြံပြုပါတယ်။

(၄) မိုက်ခရိုဝေ့ဆက်ကြောင်း တာဝါတိုင်များကို လိုအပ်သည့်နေရာတွင် တိုင်းတာစိုက်ထူပေးသင့်ကြောင်း အကြံပြုပါတယ်။ မိုက်ခရိုဝေ့တာဝါတိုင် စိုက်ထောင်ရန်အတွက် ဒေသမှအကြံပြုသောနေရာများမှာ လဟယ်မြို့နယ်တွင် (၄)ခုရှိပြီး ၎င်းတို့မှာ ထိန်ညို၊ မကျန်၊ ရန်ကျုံး၊

ထန်ပါခွေနှင့် လဟယ်မြို့ကြား (၁)တိုင် စုစုပေါင်း(၄)တိုင် ဖြစ်ပါတယ်။ လေရှီးမြို့နယ်တွင် ဘုရားတောင် (၁)တိုင်နှင့် နန်းယွန်းမြို့နယ်တွင် တုံကီနှင့် ရန်စီကြား (၁)တိုင်တို့ ဖြစ်ပါတယ်။

(၅) ဆက်သွယ်ရေးကုမ္ပဏီများနှင့် MOU လက်မှတ် ရေးထိုးရာတွင် အကျိုးအမြတ်ရှိသည့် နေရာဒေသများ၌ တာဝါတိုင်စိုက်ထူ စေခြင်းအပြင် လိုအပ်ချက်အရ ဝေးလံခေါင်ဖျား ဒေသများတွင်လည်း စိုက်ထူပေးရမည်ဟူသောအချက် ပါဝင်ထည့်သွင်းချုပ်ဆိုသင့်ပါတယ်။

(၆) ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဒေသပေါက်စျေးနှင့် တွက်ချက်တင်ပြမှုအပေါ် မူတည်၍ ဘတ်ဂျက်ချထားပေးသင့်ကြောင်း အကြံပြုပါတယ်။

(၇) တည်ဆောက်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် ဒေသဦးစီးအဖွဲ့သို့ ငွေထုတ်ယူ စေခွင့်ပါဝါ လွှဲအပ်ပေးပါက လုပ်ငန်းများမြန်ဆန်၍ အရည်အသွေး ပြည့်မီနိုင်မည်ဖြစ်ကြောင်း အကြံပြုပါတယ်။။

(၈) နာဂဒေသသည် မိုးများသောတောင်ပေါ်ဒေသဖြစ်၍ အချို့သောနေရာများတွင် ကတ္တရာလမ်းများအစား ကွန်ကရစ်လမ်းများကို အုတ်စီ၊ ကျောက်စီရေမြောင်းများနှင့်အတူ တစ်ပါတည်းချပေးသင့်ကြောင်း အကြံ ပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးညီညီဟန်**
**အတွင်းရေးမှူး**
**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**